# ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ
# ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ။
**[၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၁။]**

**ရန်ကုန်မြို့၊ ၁၃၃၃ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်။**

**(၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၂ ရက်။)**

အောက်ဖေါ်ပြပါဥပဒေကို ထုတ်ပြန်ကျေညာသည်။

နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် ဆိုရှယ်လစ်လူ့ ဘောင်ကို တည်ဆောက်လျက်ရှိသည်။ ထိုသို့ဆိုရှယ်လစ်လူ့ဘောင်ကိုတည်ဆောက်ရာ၌ လုပ်သားပြည် သူတို့၏ စီးပွားရေးဘဝကို မြှင့်တင်ပေးရန်သာမက၊ ထိုလုပ်သားပြည်သူတို့၏ လူမှုရေးဘဝသည် စီးပွါး ရေးစံနစ်ကြီးအောင် မြင်လာသည်နှင့်အမျှ " ရေမြင့်လျှင် ကြာတင့်သည်" ဆိုသည့်အတိုင်း တိုးတက် ကောင်းမွန်လာစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ဤသို့လူမှုရေးဘဝတိုးတက်လာစေရန် ဆောင်ရွက် ရာ၌ လူမှုရေးကဏ္ဍတရပ်ဖြစ်သော လုပ်သားပြည်သူတို့၏ ကျန်းမာရေးကိစ္စ အ၀၀ကို ဦးစားပေးဆောင် ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ လုပ်သားပြည်သူတို့၏ကျန်းမာရေးကိစ္စ အ၀၀ကို စံနစ်တကျ တိတိကျကျ ဆောင်ရွက်နိုင်ရန်အလို့ငှါ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## စကားချီး

အမည်နှင့်စတင်အာဏာတည်သည့်နေ့ရက်။

၁။ ။ (၁) ဤဥပဒေကို **၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးတွင် ချက်ချင်းအာဏာတည်ရမည်။

အဓိပ္ပါယ်ဖေါ်ပြချက်။

၂။ ။ ဤဥပဒေတွင် စကားရပ်များသည်၊ အောက်ပါအတိုင်း အဓိပ္ပါယ်သက်ဝင်စေရမည်။

(က) **"အမှိုက်သရိုက်၊ အညစ်အကြေး"** ဆိုသည်မှာ၊ အမှိုက်သရိုက်၊ စားကြွင်းစားကျန်၊ မိလ္လာ၊ ရေပုပ် ရေစပ်၊ စက်ဆုတ်ဖွယ်ရာရှိသည့်အရာ၊ လူ၊ သို့မဟုတ် တိရစ္ဆာန်အလောင်းကို ဆိုလိုသည်။

(ခ) **"လုပ်သားပြည်သူတို့သွားလာ နေထိုင်အသုံးပြုသည့် အဆောက်အဦ၊ သို့မဟုတ်နေရာများ"** ဆိုသည်မှာ၊ ဈေး၊ ကျောင်း၊ ရုပ်ရှင်ရုံ၊ ကပွဲရုံ၊ ပန်းခြံ၊ ကစားကွင်း၊ ဘော်ဒါဆောင်၊ ဟော်တယ်၊ ပျော်ပွဲ စားရုံ၊ သို့မဟုတ်တည်းခိုခန်းကို ဆိုလိုသည်။



Myanmar Law Information System (MLIS)

(ဂ) **"အစားအသောက်"** ဆိုသည်မှာအသီးအရွက်၊ သား၊ ငါး၊ ချက်ပြုတ်ပြုပြင်ရောင်းချသော အစားအ စာ၊ အဖျော်ယမကာ၊ စည်သွတ်ဗူးစသော လူတို့စားသုံးသည့် မည်သည့်အစားအသောက်မျိုးကိုမဆို ဆိုလိုသည်။

(ဃ) **"ဆေးဝါး"** ဆိုသည်မှာ၊ အစားအစာနှင့်ဆေးဝါးများ အက်ဥပဒေ(The Food and Drugs Act) တွင်အဓိပ္ပါယ်ဖော်ပြထားသော ဆေးဝါးအပြင် အစိုးရက အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်၍ သတ်မှတ်သည့်လူတို့အတွက် ရောဂါအမျိုးမျိုးမှ ကာကွယ်ကုသရန် မည်ကဲ့သို့မဆို အသုံးပြု သော အငွေ့၊ အရည်၊ အမှုန့်၊ အခဲဖြင့်ပြုလုပ်ထားသည့် စားဆေး၊ သောက်ဆေး၊ ထိုးဆေး၊ လိမ်းဆေး၊ သို့မဟုတ်ရှုဆေးကို ဆိုလိုသည်။

(င) **"နေအိမ်သုံးပစ္စည်း"** ဆိုသည်မှာ၊ နေအိမ်တွင်လူမှုရေးအတွက် အသုံးပြုသည့်ပစ္စည်း၊ ကလေးကစား စရာပစ္စည်း၊ သို့မဟုတ်အားကစားနှင့်ကာယ ပစ္စည်းများကိုဆိုလိုသည်။

(စ) **"အလှကုန်ပစ္စည်း"** ဆိုသည်မှာ၊ မသုံးလျှင်ဖြစ်သော်လည်း၊ ပင်ကိုအလှကို နဂိုထက်ပိုမို၍ လှပတင့် တယ်စေရန် အသုံးပြုသော ပစ္စည်းကိရိယာကိုဆိုလိုသည်။

(ဆ) **"ကိုယ်ပိုင်ဆေးကုဂေဟာ"** ဆိုသည်မှာ၊ အစိုးရဌာနလက်အောက်တွင်ရှိသော ဆေးရုံ၊ ဆေးပေးရုံ နှင့်အလားတူ ဥပစာများမှအပ မကျန်းမာသူများကိုဖြစ်စေ၊ ထိခိုက်ဒဏ်ရာရသူများကိုဖြစ်စေ၊ မသန် မစွမ်း သူများကိုဖြစ်စေ၊ ကိုယ်ဝန်ဆောင်နှင့်မီးဖွါးအမျိုးသမီးများကိုဖြစ်စေ အတွင်းလူနာ၊ သို့မဟုတ် အပြင်လူ နာအဖြစ် လက်ခံပြုစုကုသရေးအတွက် အသုံးပြုသော ဥပစာတခုခု၊ သို့မဟုတ်ရောဂါကုသရေးကို အထောက်အကူပြုရန် ဓါတ်ခွဲစစ်ဆေးခြင်း၊ ဓါတ်မှန်ရိုက်ခြင်းနှင့် အခြားစစ်ဆေးစမ်းသပ်ခြင်းများအ တွက် အသုံးပြုသည့် ဥပစာတခုခုကိုဆိုလိုသည်။

## အခန်း(၂)

## ပြည်သူတို့၏ ကျန်းမာရေးကို ကာကွယ်ခြင်း

လုပ်ပိုင်ခွင့်များ။

၃။ ။ အခြားတည်ဆဲဥပဒေများတွင်မည်သို့ပင်ပါရှိစေကာမူ အစိုးရသည် လုပ်သားပြည်သူတို့၏ ကျန်းမာ ရေးကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန်၎င်း၊ လုပ်သားပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်ခြင်းမှ ကာကွယ်ရန်၎င်း အောက်တွင်ဖော်ပြသော ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို အကြံပေးခြင်း၊ စစ်ဆေး ခြင်း၊ ကြီးကြပ်ခြင်း၊ ပြုပြင်ခြင်း၊ တားမြစ်ခြင်း စသည့်လုပ်ငန်းတို့ကို လုပ်ဆောင်ရမည်။

(၁) ပတ်ဝန်းကျင် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ-

(က) လူအများနေထိုင်ရာပတ်ဝန်းကျင်တွင် အမှိုက်သရိုက်၊ အညစ်အကြေးများကို သိမ်းဆည်းစွန့်ပစ် ခြင်း။

(ခ) လူအများအတွက် သောက်သုံးသောရေများကို အပြည့်ပြည့်ဆိုင်ရာစံချိန်မှီသတ်မှတ်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း။

(ဂ) လူအများနေထိုင်ရာ ပတ်ဝန်းကျင်လေထုတွင် လူတို့ကို ဘေးအန္တရာယ်ဖြစ်စေမည့်အခိုးအငွေ့၊ အနံ့ အသက်၊ အမှုန့်အမွှား၊ အသံပလံနှင့်ဓါတ်ရောင်ခြည်များကြောင့် ညစ်ညမ်းခြင်းမှကာကွယ်ခြင်း။



Myanmar Law Information System (MLIS)

(ဃ) မြို့ရွာစည်ပင်သာယာရေး၊ အိမ်ယာဆောက်လုပ်ရေးနှင့်လုပ်သားပြည်သူတို့ သွားလာနေထိုင် အသုံးပြုသည့် အဆောက်အဦ၊ သို့မဟုတ် နေရာများ၏ကျန်းမာသန့်ရှင်းရေးအတွက်ဆောင်ရွက်ခြင်း။

(၂) လုပ်သားပြည်သူတို့ ထုတ်လုပ်ရောင်းချသော အစားအသောက်နှင့်ပတ်သက်သည့် ကိစ္စများ-

(က) အစားအသောက်ထုတ်လုပ်ရောင်းချသည့် အလုပ်ရုံ၊ စက်ရုံ၊ လုပ်ငန်းဌာနများကို မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ခြင်းနှင့် ပြန်လည်မှတ်ပုံတင်ခြင်း။

(ခ) လုပ်သားပြည်သူသို့ ရောင်းချသောအစားအသောက်တို့ကို ကျန်းမာသန့်ရှင်းစေခြင်း။

(ဂ) လုပ်သားပြည်သူသို့ ရောင်းချသော အစားအသောက်များကိုအတုအပပြုလုပ်ခြင်း၊ အခြားယုတ်ညံ့ သော ပစ္စည်းများနှင့်ရောစပ်ခြင်း၊ အစားအသောက်ထဲတွင်ရှိယင်းစွဲဝတ္ထုပစ္စည်းများအား ထုတ်နုတ်ခြင်း တို့မှ ကာကွယ်ခြင်း။

(ဃ) အစားအသောက်ထုတ်လုပ်ရောင်းချသော အလုပ်ရုံ၊ စက်ရုံ၊ လုပ်ငန်းဌာနတို့ကို ကျန်းမာသန့်ရှင်း စေခြင်း။

(င) အစားအသောက်ရောင်းချသော ဥပစာ အဆောက်အဦများကို ကျန်းမာသန့်ရှင်းစေခြင်း။

(စ) လုပ်သားပြည်သူသို့ရောင်းချသော အစားအသောက်များထုတ်လုပ်ရောင်းချသည့် နေရာများတွင် ကူးစက်ရောဂါရှိသူများ ဝင်ရောက်အမှုထမ်းခြင်းမှ ကာကွယ်ခြင်း။

(ဆ) ဘေးအန္တရာယ်ဖြစ်စေသော အစားအသောက်များကို သိမ်းဆည်းဖျက်ဆီးခြင်း။

(ဇ) အစားအသောက်နှင့် ပတ်သက်သည့်ကိစ္စရပ်များကို စစ်ဆေးကြည့်ရှုရန် လိုအပ်လျှင်အစိုးရဓါတ်ခွဲ ခန်းများသို့ ပို့၍စစ်ဆေးခြင်း။

(ဈ) အစားအသောက်များကို အစိုးရက အခါအားလျော်စွာသတ်မှတ်ပေးသောစံချိန်နှင့် ကိုက်ညီစေရန် ဆောင်ရွက်ခြင်း။

(၃) လုပ်သားပြည်သူများအတွက် အသုံးပြုရန်ဖြစ်သော နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများ နှင့် ပတ်သက်သည့်ကိစ္စများ-

(က) နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများ ထုတ်လုပ်သော အလုပ်ရုံ၊ စက်ရုံများ မှတ်ပုံတင် ခြင်း၊ မှတ်ပုံတင်မှပယ်ဖျက်ခြင်းနှင့် ပြန်လည်မှတ်ပုံတင်ခြင်း။

(ခ) ထုတ်လုပ်သောနေအိမ်သုံးပစ္စည်းများနှင့်အလှကုန်ပစ္စည်းများသည် လုပ်သားပြည်သူတို့အတွက် ဘေးအန္တရာယ် ဖြစ်ပွါးနိုင်လျှင်သော်၎င်း၊ အဆိပ်အတောက်ဖြစ်စေနိုင်လျှင်သော်၎င်း၊ ဘေးအန္တရာယ် ဖြစ်စေတတ်သော ဓါတ်ရောင်ခြည်ပါခဲ့လျှင်သော်၎င်း ကုန်ထုတ်လုပ်ခြင်းကို တားမြစ်ခြင်း။

(ဂ) ဘေးအန္တရာယ်ရှိသော ထုတ်လုပ်ပြီးသည့် နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများကို လုပ်သားပြည်သူများအား ဘေးအန္တရာယ်မရှိစေသော နည်းဖြင့် ဖျက်စီးခြင်း။

(ဃ) ကုန်ရောင်းဆိုင်များမှ ဘေးအန္တရာယ်ရှိစေသော နေအိမ်သုံးပစ္စည်းများနှင့်အလှကုန် ပစ္စည်းများကို သိမ်းဆည်းဖျက်ဆီးခြင်း။

(င) နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများကို အစိုးရကအခါအားလျော်စွာသတ်မှတ်ပေးသော စံချိန်နှင့် ကိုက်ညီစေရန်ဆောင်ရွက်ခြင်း။

(၄) ကူးစက်ရောဂါများနှင့် ပတ်သက်သည့် ကိစ္စများ-

(က) ကူးစက်ရောဂါပြန့်ပွါးခြင်းကို နှိမ်နင်းကာကွယ်ရန် အလို့ငှါ၊ အခါအားလျော်စွာ ဒေသအလိုက် တိုင်ကြားရမည့် ရောဂါအမည်စာရင်းများကို ထုတ်ပြန်ကျေညာခြင်း။

(ခ) ကူးစက်ရောဂါကာကွယ်ရေးအလို့ငှါ၊ စုံစမ်းလေ့လာခြင်း၊ လုပ်သားပြည်သူတရပ်လုံး ကာကွယ်ဆေးထိုးသည့်အစီအစဉ်ချမှတ်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ပိုးမွှားတိရစ္ဆာန်များသုတ်သင်ခြင်းနှင့် အခြားလိုအပ်သော လုပ်ငန်းများဆောင်ရွက်ခြင်း။

(ဂ) လုပ်သားပြည်သူတို့၏ ကျန်းမာရေးကို စိုးရိမ်ဘွယ်ရာ ကူးစက်ရောဂါကျရောက်နိုင်သည့် အခြေ အနေရှိလျှင်၊ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွါးနေလျှင်၊ အစိုးရသည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ သို့မဟုတ် ဒေသတခုခုကို ကျန်းမာရေးအတွက် စိုးရိမ်ရသော အရေးပေါ် ဒေသဟု အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းနှင့် လိုအပ်သောရောဂါကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

(၅) ကိုယ်ပိုင်ဆေးကုဂေဟာများနှင့် ပတ်သက်သည့်ကိစ္စများ-

(က) ကိုယ်ပိုင်ဆေးကုဂေဟာများနှင့် ပတ်သက်၍ လိုအပ်သည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း။

(ခ) ကိုယ်ပိုင်ဆေးကုဂေဟာအားလုံးကို မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်မှ ပယ်ဖျက်ခြင်းနှင့် ပြန်လည်မှတ်ပုံ တင်ခြင်း။

(၆) လုပ်သားပြည်သူများအတွက် အသုံးပြုရန်လိုအပ်သည့် ဆေးဝါးနှင့်ပတ်သက်သည့် ကိစ္စများ-

(က) ဆေးဝါးများကို ဖြန့်ဖြူးရောင်းချရန်ထုတ်လုပ်ခြင်း၊ လက်လီလက္ကားရောင်းချခြင်း စသည့်လုပ်ငန်း များကို မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်မှပယ်ဖျက်ခြင်းနှင့် ပြန်လည်မှတ်ပုံတင်ခြင်း။

(ခ) လုပ်သားပြည်သူတို့အား ဆေးဝါးများသည် ဘေးအန္တရာယ်မဖြစ်စေရေးနှင့် တန်ခိုးအာနိသင်ပြည့်ဝ မှန်ကန်ရေးအတွက် ဖေါ်စပ်နည်းနှင့် ဆေးဝါးနမူနာများကို အစိုးရက ဤကိစ္စအလို့ငှာ ဖွဲ့စည်းထားရှိမည့် အဖွဲ့အစည်းများသို့ ပေးပို့စေခြင်း။

(ဂ) ဆေးဝါးတန်ခိုးအာနိသင်ရှိသည်ထက်ပိုမို၍ဖြစ်စေ၊ သို့မဟုတ် လိမ်လည်၍ဖြစ်စေ၊ ကြော်ငြာခြင်း များကိုတားမြစ်ခြင်း။

(ဃ) နိုင်ငံခြားမှတင်သွင်းသော ဆေးဝါးများကို တန်ခိုးအာနိသင်စိစစ်ပြီးမှသာလျှင် ဖြန့်ဝေစေခြင်း။

(င) ဆေးဝါးတန်ခိုးအာနိသင် စစ်ဆေးစမ်းသပ်ရန်အလို့ငှါ၊ အစိုးရက သတ်မှတ်ပေးသည့် ခါတ်ခွဲဌာန တခုခုကို တာဝန်ပေးအပ်ခြင်း။

## အခန်း(၃)

## လုပ်ပိုင်ခွင့်နှင့် တာဝန်များ

တာဝန်ပေးခြင်း။

၄။ ။ အစိုးရသည်၊ ဤဥပဒေ၌ ပြဋ္ဌာန်းထားသော မည်သည့်ကိစ္စရပ်ကိုမဆို ဆောင်ရွက်ရန်-

(က) လိုအပ်သည့်အဖွဲ့အစည်းများဖွဲ့စည်း၍၊ ယင်းသို့ဖွဲ့စည်းသည့် အဖွဲ့အစည်းများအား သက်ဆိုင်ရာ ကိစ္စရပ်များအတွက် အကြံပေးခြင်း၊ စစ်ဆေးစေခြင်း၊ ကြီးကြပ်စေခြင်း၊ ပြုပြင်စေခြင်း၊ တားမြစ်စေ ခြင်း၊ ဖျက်ဆီးစေခြင်း တို့အတွက် တာဝန်ပေးအပ်နိုင်ခွင့်ရှိသည်။

(ခ) မည်သည့်အစိုးရဌာန၊ လက်အောက်ခံအဖွဲ့အစည်းများ သို့မဆို တာဝန်ပေးအပ်နိုင်ခွင့်ရှိသည်။

အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်များ။

၅။ ။ ဤဥပဒေအရဖွဲ့စည်းထားသော အဖွဲ့အစည်းများက သော်၎င်း၊ ၎င်းအဖွဲ့များမှတာဝန်ပေးအပ်ထား ခြင်းခံရသူများကသော်၎င်း၊ ဤဥပဒေအရတာဝန်ပေးအပ်ထားခြင်းခံရသော အစိုးရဌာနများနှင့် အစိုးရ လက်အောက်ခံအဖွဲ့အစည်းများကသော်၎င်း၊ ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ် သက်သည့်ကိစ္စများ၊ အစားအသောက်နှင့်ပတ်သက်သည့်ကိစ္စများ၊ လုပ်သားပြည်သူများအတွက် အသုံး ပြုရန်ဖြစ်သော နေအိမ်သုံးပစ္စည်းနှင့် အလှကုန်ပစ္စည်းများနှင့် ပတ်သက်သည့်ကိစ္စများ၊ ကူးစက်ရောဂါ နှင့် ပတ်သက်သည့်ကိစ္စများ၊ ကိုယ်ပိုင်ဆေးကုဂေဟာနှင့် ပတ်သက်သည့်ကိစ္စများ၊ လုပ်သားပြည်သူတို့ အသုံးပြုသည့် ဆေးဝါးများနှင့်ပတ်သက်သည့်ကိစ္စများ စသည်တို့အတွက် အလုပ်ရုံ၊ စက်ရုံများ၊ လုပ်ငန်း ဌာနများ၊ ဆိုင်များ၊ ဥပစာများ၊ နေရာများ၊ အဆောက်အဦများသို့ အချိန်အခါမရွေးဝင်ရောက်စစ်ဆေး ညွှန်ကြားခွင့်ရှိသည်။

## အခန်း(၄)

## နည်းဥပဒေများအဖြစ်မှတ်ယူရမည့် တည်ဆဲဥပဒေများ၏ပြဋ္ဌာန်းချက်များ

တည်ဆဲဥပဒေများ။

၆။ ။ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများဖြင့် ပြင်ဆင်ပြဋ္ဌာန်းခြင်းမပြုမီ အောက်ဖော်ပြပါ ဥပဒေများ၏ ပြဋ္ဌာန်းချက်များကို ဤဥပဒေအရပြုလုပ်ထားသည့် နည်းဥပဒေများအဖြစ် မှတ်ယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။ သို့ရာတွင် ယင်းဥပဒေများတွင်ပါသော ပြဋ္ဌာန်းချက်များသည်၊ ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် သဘောထားများနှင့် မဆန့်ကျင်သမျှသာလျှင် ဆက်လက်အတည်ဖြစ်စေရမည်။

၁။ ၁၉၅၇ ခုနှစ်၊ ကိုယ်ပိုင်သူနာပြုဂေဟာများ မှတ်ပုံတင်အက်ဥပဒေ။

၂။ The Dangerous Drugs Act.

၃။ The Epidemic Diseases Act.

၄။ The Food and Drugs Act.

၅။ The Food and Drugs (Amendment) Act, 1949.

၆။ The Ghee Adulteration Act.

၇။ The Leprosy Act.

၈။ The Vaccination Act.

အခြားတည်ဆဲဥပဒေများ၏ ပြည်သူ့ကျန်းမာရေးဆိုင်ရာပြဋ္ဌာန်းချက်များ။

၇။ ။ ဤဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေများဖြင့် ပြင်ဆင်ပြဋ္ဌာန်းခြင်းမပြုမီ မည်သည့်တည်ဆဲ တရားဥပဒေများတွင်မဆို၊ အထူးသဖြင့်အောက်ဖော်ပြပါ ဥပဒေများတွင်ပါရှိသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဤဥပဒေအရ ပြုလုပ်ထားသည့် နည်းဥပဒေများအဖြစ် မှတ်ယူ၍လုပ်ကိုင်ဆောင် ရွက်ရမည်။ သို့ရာတွင် ယင်းဥပဒေများတွင်ပါသော ပြည်သူ့ကျန်းမာရေးဆိုင်ရာပြဋ္ဌာန်းချက်များသည် ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် သဘောထားများနှင့် မဆန့်ကျင်သမျှသာလျှင် ဆက်လက်အတည်ဖြစ်စေရမည်။

၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ။

၂။ The Animal Pest Act.

၃။ The Burma Merchant Shipping Act.

၄။ The Burma Aircraft Act.

၅။ The City of Rangoon Municipal Act.

၆။ The Cantonments Act.

၇။ The Municipal Act.

၈။ The Ports Act.

၉။ The Rural Self- Government Act.

၁၀။ The Railways Act.

၁၁။ The Towns Act.

၁၂။The Village Act.

ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့် ဆောင်ရွက်ဆဲကိစ္စရပ်များ။

၈။ ။ (၁) ပုဒ်မ ၆ နှင့် ၇ များတွင် ဖော်ပြထားသော ဥပဒေများအရ၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကိစ္စရပ် များအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ၊ သို့မဟုတ် ခန့်ထားသည့် ပုဂ္ဂိုလ်များသည် ဤဥပဒေအ ရဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ၊ သို့မဟုတ် ခန့်ထားသည့် ပုဂ္ဂိုလ်များအဖြစ် ဆက်လက်တည်ရှိ၍ ရှိရင်းစွဲလုပ်ကိုင်ဆောင်ရွက်ပုံ နည်းစံနစ်များအတိုင်း နောက်ထပ်မပြင်ဆင်မခြင်း ဆက်လက်လုပ်ကိုင် ဆောင်ရွက်ရမည်။

(၂) ဤဥပဒေအရ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်များ ကိုမပြုလုပ်မထုတ်ပြန်နိုင်သေးမီ ကာလအတွင်း ပုဒ်မ ၆နှင့် ၇ များတွင်ပါရှိသော ဥပဒေများအရ ဆောင် ရွက်ဆဲ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ယင်းဥပဒေများပါ ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်အရေးယူဆောင်ရွက်နိုင်သည်။

(၃) ပုဒ်မ ၆နှင့် ၇တွင်ဖော်ပြထားသော ဥပဒေတခုခုအရ ပြုသည့်၊ သို့မဟုတ် ထုတ်သည့်ပြည်သူ့ကျန်းမာ ရေးနှင့် သက်ဆိုင်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြား ချက်တခုခုသည် ၊ ဤဥပဒေအရပြုသည့်၊ သို့မဟုတ် ထုတ်သည့်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်း ဥပဒေ၊ အမိန့်၊ သို့မဟုတ်

Myanmar Law Information System (MLIS)

ညွှန်ကြားချက်တခုခုဖြင့် နုတ်သိမ်းပယ်ဖျက်ခြင်းမပြုသေးမီ ကာလအတွင်း ဤဥပ ဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သမျှသာ ဆက်လက်အကျိုးသက်ရောက်စေရမည့်ပြင်၊ ဤဥပဒေ အရပြုသည့်၊ သို့မဟုတ် ထုတ်သည့်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်ဖြစ်သည်ဟူ၍လည်း မှတ်ယူရမည်။

## အခန်း(၅)

## ပြစ်ဒဏ်နှင့် အရေးယူနည်းများဆိုင်ရာပြဋ္ဌာန်းချက်များ

ပြစ်ဒဏ်များနှင့် အရေးယူနည်းများ။

၉။ ။ (၁) အခြားတည်ဆဲတရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ မည်သူမဆို၊ ပုဒ်မ၆ နှင့်၇တွင် ဖေါ်ပြ ထားသောဥပဒေများနှင့် ယင်းဥပဒေများအရ ပြုသည့်၊ သို့မဟုတ် ထုတ်သည့်ပြည်သူ့ကျန်းမာရေးနှင့် သက်ဆိုင်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်များ ပါပြဋ္ဌာန်းချက် တခုခုကိုသော်၎င်း၊ ဤဥပဒေနှင့် ဤဥပဒေအရပြုသည့်၊ သို့မဟုတ် ထုတ်သည့်နည်း ဥပဒေများ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်များပါ ပြဋ္ဌာန်းချက် တခုခုကိုသော်၎င်း-

- လိုက်နာရန်ပျက်ကွက်လျှင်၊ သို့မဟုတ်
- ဖေါက်ဖျက်ကျူးလွန်လျှင်၊ သို့မဟုတ်
- ဖေါက်ဖျက်ကျူးလွန်ရန် ကြိုးပမ်းအားထုတ်လျှင်၊ သို့မဟုတ်
- သိလျက်နှင့် ဖြစ်စေ၊ သိနိုင်လောက်သော အကြောင်းများရှိလျက်နှင့်ဖြစ်စေ၊ ယင်းပြဋ္ဌာန်းချက်ကို ဖေါက်ဖျက်ကျူးလွန်စေရန် သူတပါးကို အားပေးကူညီလျှင်-

(က) ယင်းပြဋ္ဌာန်းချက်သည်၊ ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်သည့် ကိစ္စသော်၎င်း၊ လုပ်သားပြည်သူများအတွက်အသုံးပြုရန်ဖြစ်သော နေအိမ်သုံးပစ္စည်းများနှင့် အလှကုန် ပစ္စည်းများနှင့်ပတ်သက်သည့် ကိစ္စသော်၎င်းဖြစ်လျှင်၊ ပဌမအကြိမ်တွင် ၁နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀ထိငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည့်ပြင်၊ ထိုပြစ်မှုတွင် အကျုံးဝင်သောပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာဖြစ်သိမ်းယူခြင်းခံစေရမည်။

(ခ) ယင်းပြဋ္ဌာန်းချက်သည်၊ လုပ်သားပြည်သူသို့ ထုတ်လုပ်ရောင်းချသော အစားအသောက်နှင့် ပတ်သက်သည့်ကိစ္စသော်၎င်း၊ ကူးစက်ရောဂါများနှင့် ပတ်သက်သည့်ကိစ္စသော်၎င်း၊ လုပ်သားပြည်သူ များအတွက် အသုံးပြုရန်လိုအပ်သည့် ဆေးဝါးနှင့်ပတ်သက်သည့်ကိစ္စသော်၎င်းဖြစ်လျှင် ပဌမအကြိမ် ၃နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁,၀၀၀ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည့်ပြင်၊ ထိုပြစ်မှုတွင် အကျုံးဝင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းယူခြင်းခံစေရမည်။

Myanmar Law Information System (MLIS)

(ဂ) ယင်းပြဋ္ဌာန်းချက်သည် ကိုယ်ပိုင်ဆေးကုဂေဟာများနှင့် ပတ်သက်သည့်ကိစ္စဖြစ်လျှင် ပဋ္ဌမအကြိမ် ၅နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်၅,၀၀၀ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည့်ပြင်၊ ထိုပြစ်မှုတွင်အကျုံးဝင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံစေရမည်။

(၂) ပုဒ်မခွဲ ၁ တွင်ဖော်ပြထားသည့် တရားဥပဒေတခုခုပါ ပြည်သူ့ကျန်းမာရေးနှင့်ဆိုင်သော ပြဋ္ဌာန်းချက် တခုခုကို တကြိမ်သာမက၊ ဒုတိယအကြိမ်၊ သို့မဟုတ် နောက်ထပ်-

- လိုက်နာရန်ပျက်ကွက်လျှင်၊ သို့မဟုတ်
- ဖေါက်ဖျက်ကျူးလွန်လျှင်၊ သို့မဟုတ်
- ဖေါက်ဖျက်ကျူးလွန်ရန် ကြိုးပမ်းအားထုတ်လျှင်၊ သို့မဟုတ်
- သိလျက်နှင့်ဖြစ်စေ၊ သိနိုင်လောက်သောအကြောင်းများရှိလျက်နှင့်ဖြစ်စေ၊ ယင်းပြဋ္ဌာန်းချက်ကို ဖေါက်ဖျက်ကျူးလွန်စေရန် သူတပါးကို အားပေးကူညီလျှင်-

(က) ယင်းပြဋ္ဌာန်းချက်သည်၊ ပုဒ်မခွဲ (၁) (က)ပါ ကိစ္စဖြစ်လျှင် ၃နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ် စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံရမည့်ပြင်၊ ထိုပြစ်မှုတွင် အကျုံးဝင်သောပစ္စည်းများကိုလည်း ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

(ခ) ယင်းပြဋ္ဌာန်းချက်သည်၊ ပုဒ်မခွဲ (၁) (ခ) နှင့် (ဂ)ပါကိစ္စဖြစ်လျှင် ၁၀နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေ ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမည့်ပြင်၊ ထိုပြစ်မှုတွင် အကျုံးဝင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

(၃) ဤပုဒ်မအရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူသည့် ပစ္စည်းများကို အစိုးရကဖြစ်စေ၊ အစိုးရက တာဝန်လွှဲအပ်သော ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန် ကြားချက်များနှင့်အညီ ထုခွဲနိုင်သည်။

(၄) ဤပုဒ်မအရ ထောင်ဒဏ် ၃နှစ်ထိနှင့် ၃ နှစ်အထက်စီရင်ထိုက်သည့်ပြစ်မှု တစုံတရာကို ဤကိစ္စအလို့ ငှါ အစိုးရက လုပ်ပိုင်ခွင့်လွှဲအပ်ထားသူ၊ သို့မဟုတ် အဖွဲ့အစည်း၏ အခွင့်အမိန့်မရရှိဘဲ မည်သည့် တရားရုံး တွင်မျှ တရားစွဲဆိုခြင်းမပြုရ။

ကုမ္ပဏီများကျူးလွန်သည့် ပြစ်မှုများ။

၁၀။ ။ (၁) မည်သူမဆို ပုဒ်မ ၉(၁) တွင် ရည်ညွှန်းသည့် တရားဥပဒေတခုခုပါ ပြည်သူ့ကျန်းမာရေးနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက် တခုခုကို-

-လိုက်နာရန် ပျက်ကွက်လျှင်၊ သို့မဟုတ်
- ဖေါက်ဖျက်ကျူးလွန်လျှင်၊ သို့မဟုတ်
- ဖေါ်ဖျက်ကျူးလွန်ရန် ကြိုးပမ်းအားထုတ်လျှင်၊ သို့မဟုတ်
- သိလျက်နှင့်ဖြစ်စေ၊ သိနိုင်လောက်သော အကြောင်းများရှိလျက်နှင့်ဖြစ်စေ၊ ယင်းပြဋ္ဌာန်းချက်ကို ဖေါက်ဖျက်ကျူးလွန်စေရန် သူတပါးကို အားပေးကူညီလျှင်၊ ထိုသူသည်၊ ကုမ္ပဏီဖြစ်သော် ထိုပြစ်မှုကို ကျူးလွန်စဉ်က၊

Myanmar Law Information System (MLIS)

ထိုကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ရေးအတွက် ကုမ္ပဏီကို ကြီးကြပ်တာဝန်ခံသူအသီးသီးနှင့် ကုမ္ပဏီ သည်၊ ထိုပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည့်အပြင်၊ ထိုသို့မှတ်ယူသည့် အားလျော်စွာ တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်စီရင်ခြင်းလည်းခံရမည်။

သို့ရာတွင်ထိုသူသည်၊ ထိုပြစ်မှုကို မိမိမသိဘဲ ကျူးလွန်ကြောင်းဖြင့်သော်၎င်း၊ အဆိုပါပြစ်မှု မကျူးလွန်ရ လေအောင် မိမိလုံ့လပြုသင့်သမျှ ပြုခဲ့ကြောင်းဖြင့် သော်၎င်း သက်သေထင်ရှားပြလျှင်၊ ဤပုဒ်မခွဲပါစကားကြောင့်၊ ထိုသူအားဤဥပဒေတွင် ပြဋ္ဌာန်းထားသော မည်သည့်ပြစ်ဒဏ်ကိုမျှ မစီရင်ရ။

(၂) ပုဒ်မခွဲ(၁) တွင် မည်သို့ပင်ပါရှိစေကာမူ၊ ဤဥပဒေအရဖြစ်သောပြစ်မှုကို ကုမ္ပဏီကကျူးလွန်သည့် ကိစ္စတွင်၊ ထိုပြစ်မှုကို ကုမ္ပဏီ၏ ဒါရိုက်တာ၊ မန်နေဂျာ၊ အတွင်းရေးမှူး၊ သို့မဟုတ် အခြားအရာရှိတဦးဦး၏ သဘောတူညီချက်ဖြင့် ကျူးလွန်ကြောင်း၊ သို့မဟုတ် ၎င်းတို့တဦးဦးအလိုတူအလိုပါ ကျူးလွန်ကြောင်း၊ သို့မဟုတ် ၎င်းတို့တဦးဦးပေါ့လျော့မှုတခုခုကြောင့် ကျူးလွန်ကြောင်း သက်သေထင်ရှားပြလျှင် အဆိုပါ ဒါရိုက်တာ၊ မန်နေဂျာ၊ အတွင်းရေးမှူး၊ သို့မဟုတ် အခြားအရာရှိသည် ထိုပြစ်မှုကို ကျူးလွန်သည်ဟုမှတ်ယူရမည့်ပြင်၊ တရားစွဲဆိုခြင်းလဲခံရမည်။

**ရှင်းလင်းချက်**။ ။ ဤပုဒ်မပါ ကိစ္စများအလို့ငှါ-

(က)"ကုမ္ပဏီ" ဆိုသည်မှာ၊ တရားဝင်အဖွဲ့အစည်းတခုခုကို ဆိုသည့်ပြင် ထိုစကားရပ်တွင် အစုစပ် လုပ်ငန်း၊ သို့မဟုတ် အခြားအသင်းအဖွဲ့ တခုခုလည်းပါဝင်သည်။

(ခ) "ဒါရိုက်တာ" ဆိုသည်မှာ၊ အစုစပ်လုပ်ငန်းနှင့် စပ်လျဉ်း၍၊ ထိုအစုစပ်လုပ်ငန်းတွင် အစုစပ်ပါဝင် သူ၊ သို့မဟုတ် အစုရှင်ကို ဆိုလိုသည်။

## အခန်း(၆)

## အထွေထွေပြဋ္ဌာန်းချက်များ

နည်းဥပဒေနှင့်စည်းကမ်းဥပဒေများ စသည်တို့ပြုလုပ်ပိုင်ခွင့်။

၁၁။ ။ (၁) ဤဥပဒေပါရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စေရန်နှင့် ဤဥပဒေနှင့် ပတ်သက်သည့် ကိစ္စရပ်များအတွက် အစိုးရသည် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေအမိန့်နှင့် ညွှန်ကြား ချက်များကို ပြုလုပ်နိုင်သည်၊ သို့မဟုတ်ထုတ်ပြန်နိုင်သည်။

(၂) အစိုးရသည်၊ ပုဒ်မ ၆နှင့် ၇တွင်ဖေါ်ပြထားသော ဥပဒေများ၏အမည်စာရင်းကို အမိန့်ကြော်ငြာစာမှ ထုတ်ပြန်၍ လိုအပ်သလိုဖြည့်စွက်နိုင်သည်၊ ထုတ်ပယ်နိုင်သည်။

ပြည်သူ့ဝန်ထမ်းအဖြစ်သတ်မှတ်ခြင်း။

၁၂။ ။ မည်သူမဆို၊ ဤဥပဒေအရဆောင်ရွက်နေစဉ်၊ သို့မဟုတ် ဆောင်ရွက်သည့်သဘောသက်ရောက် သော အပြုအမူကို ပြုနေစဉ်၊ ရာဇသတ်ကြီးပုဒ်မ ၂၁တွင် အဓိပ္ပါယ်ဖေါ်ပြထားသည့်အတိုင်း ပြည်သူ့ဝန် ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

တရားစွဲဆိုခြင်းမှ ပိတ်ပင်ခြင်း။



Myanmar Law Information System (MLIS)

၁၃။ ။ ဤဥပဒေအရသော်၎င်း၊ ဤဥပဒေအရပြုသည့်၊ သို့မဟုတ်ထုတ်သည့်နည်းဥပဒေ၊ စည်းမျဉ်းဥပ ဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ်ညွှန်ကြားချက်များအရသော်၎င်း၊ ရိုးသားသောသဘောဖြင့် ပြု လုပ်သည့်အတွက်၊ သို့မဟုတ် ပြုလုပ်ရန်ကြံရွယ်၍ဆောင်ရွက်သည့်အတွက် မည်သူကိုမျှ တရားမမှုဖြစ် စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေမစွဲဆိုရ။

ဤဥပဒေအရမှတ်ပုံတင်ခြင်းမပြုရသည့် လုပ်ငန်းများ။

၁၄။ ။ ပုဒ်မ ၃၏ အပိုဒ်(၂) (က)၊ အပိုဒ်(၃) (က)၊ အပိုဒ်(၅) (ခ) နှင့် အပိုဒ်(၆) (က) တို့တွင် ဖော်ပြထား သည့်မှတ်ပုံတင်ခြင်းနှင့် ပတ်သက်သည့်ကိစ္စများသည်၊ အစိုးရ၊ သို့မဟုတ် အစိုးရလက်အောက်ခံ အဖွဲ့အစည်းတခုခုက ဦးစီးကွပ်ကဲထုတ်လုပ်ရောင်းချသော အလုပ်ရုံ၊ စက်ရုံ၊ လုပ်ငန်းဌာနနှင့်သော်၎င်း၊ ပြည်သူ့ အလုပ်သမားကောင်စီ၊ သို့မဟုတ် ပြည်သူ့တောင်သူလယ်သမားကောင်စီ၊ သို့မဟုတ် သမဝါယမအသင်း များကဖွင့်လှစ်ထားရှိသည့် ဆေးခန်းများနှင့် သော်၎င်း မသက်ဆိုင်စေရ။

အဓိပ္ပါယ်ကောက်ယူခြင်းစသည်တို့နှင့် စပ်လျဉ်းသည့်အဆုံးအဖြတ်။

၁၅။ ။ ဤဥပဒေပါစကားရပ်များ၏ အဓိပ္ပါယ်ကောက်ယူချက်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပုဒ်မ ၆နှင့် ၇ တွက် ဖော်ပြထားသော ဥပဒေများနှင့် ယင်းဥပဒေများအရပြုသည့်၊ သို့မဟုတ် ထုတ်သည့်ပြည်သူ့ကျန်းမာ ရေးနှင့်သက်ဆိုင်သောနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ သို့မဟုတ် ညွှန်ကြားချက် များပါ ပြဋ္ဌာန်းချက်များသည်၊ ဤဥပဒေရည်ရွယ်ချက်နှင့် သဘောထားနှင့် ဆန့်ကျင်သည်၊ မဆန့်ကျင် သည်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ အစိုးရကဆုံးဖြတ်ရမည်။ ယင်းဆုံးဖြတ်ချက်သည် အဆုံးသတ်အပြီးအပြတ် ဖြစ်စေရမည်။

ကင်းလွတ်ခွင့်။

၁၆။ ။ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးမှဖြစ်စေ၊ တခုခုမှဖြစ်စေ၊ မည်သည့်ပုဂ္ဂိုလ်၊ သို့မဟုတ်မည်သည့် အရာကိုမဆို စည်းကမ်းချက်ထား၍သော်၎င်း၊ စည်းကမ်းချက်မထားဘဲသော်၎င်း၊ အစိုးရက အမိန့်ကြော် ငြာစာထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုနိုင်သည်။

အခက်အခဲများပပျောက်ရန်အမိန့်ဖြင့် လိုအပ်သလိုဆောင်ရွက်နိုင်ခွင့်။

၁၇။ ။ ဤဥပဒေပါပြဋ္ဌာန်းချက်အားလုံး၊ သို့မဟုတ် တခုခုထမြောက်အောင်မြင်အောင် ဆောင်ရွက်ရာ တွင် အခက်အခဲများ ပေါ်ပေါက်လာလျှင်၊ အစိုးရသည် ထိုအခက်အခဲပပျောက်ရန်အလို့ငှါ အကြောင်း အားလျော်စွာ အမိန့်ဖြင့်လိုအပ်သည် ထင်မြင်သော မည်သည့်ဆောင်ရွက်ချက်ကိုမဆို ပြုလုပ်ဆောင်ရွက် နိုင်သည်။

(ပုံ) ဗိုလ်နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၃ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်။

Myanmar Law Information System (MLIS)

၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ။
(၁၉၇၂ ခုနှစ်၊ ဇန္နဝါရီလ ၁၂ ရက်။)

အမိန့်အရ၊
(ပုံ) ဗိုလ်မှူးကြီး ကိုကို၊
အတွင်းရေးမှူး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

Myanmar Law Information System (MLIS)